# LOCAL News

## Myanmar ICT Directory ထုတ်ဝေရေး သဘောတူလက်မှတ်ရေးထိုးပွဲ



မြန်မာနိုင်ငံ ကွန်ပျူတာလုပ်ငန်းရှင်အသင်း (MCIA) နဲ့ Myanmar Marketing Research & Development Ltd (MMRD) တို့ရဲ့ Myanmar ICT Directory ထုတ်ဝေရေးအတွက် သဘောတူလက်မှတ်ရေးထိုးပွဲအခမ်း အနားကို ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်က Myanmar Info-Tech မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ အဲဒီအခမ်းအနားမှာ MCIA ရဲ့ အတွင်းရေးမှူးက လက်မှတ်ရေးထိုးပွဲ ကျင်းပရတဲ့ရည်ရွယ်ချက်ကို ပြောပြခဲ့ပြီး MMRD ရဲ့ ဒါရိုက်တာ ဦးစိုးမိုးသန့်က directory အကြောင်း ရှင်းလင်းတင်ပြခဲ့ပါ တယ်။ တိုးတက်ပြောင်းလဲနေတဲ့ IT နည်းပညာတွေနဲ့ ချိတ်ဆက်လုပ်ကိုင် စေဖို့ ICT Directory ကို ထုတ်လုပ်ဖို့ရည်ရွယ်ကြောင်း သိရပါတယ်။ အလျား ၂၁၆ မီလီမီတာ၊ အနံ ၂၇၆ မီလီမီတာရှိတဲ့ ဒီ directory ထဲမှာ IT နဲ့ ပတ်သက်တဲ့ မှန်ကန်တဲ့ သတင်းအချက်အလက်တွေ ပါဝင်မှာ ဖြစ်ပါ တယ်။ MCIA အသင်းဝင်ကုမ္ပဏီတွေ၊ ဆိုင်တွေအပြင် အသင်းဝင်မဟုတ်လည်း IT နဲ့ ဆက်စပ်လုပ်ကိုင်နေတဲ့ ဆိုင်တွေလည်း ပါဝင်မှာဖြစ်ကြောင်း သိရပါတယ်။ Maintainence service တွေ၊ sales & service တွေ၊ electronic ဆိုင်တွေ၊ internet ဆိုင်တွေ၊ သင်တန်းတွေသာမက mobile phone ဆိုင်တွေကိုပါ ထည့်သွင်းဖော်ပြသွားမယ်လို့ သိရပါတယ်။ စာအုပ်ရဲ့ အရည်အသွေးကောင်းမွန်စေဖို့ Art paper အမျိုးအစားအသုံးပြုဖို့ စီစဉ်ထားပြီး ICT နဲ့ ပတ်သက်တဲ့ သတင်းအချက်အလက်တွေကို တစ်နေရာထဲမှာရနိုင်ဖို့ Myanmar ICT Directory ကို လာမယ့် ၆ လ အတွင်း ထုတ်ဝေမှာဖြစ်တယ်လို့ သိရပါတယ်။

# barcamp yangon 2012








Barcamp Yangon ကို ဖေဖော်ဝါရီလ ၁၁ ရက်နေ့နဲ့ ၁၂ ရက်နေ့တွေမှာ တက္ကသိုလ်များ လှိုင်နယ်မြေထဲက Myamar Info-Tech မှာ ကျင်းပခဲ့ပါတယ်။ အဲဒီရက်တွေဟာ အရင်နှစ်တွေကအတိုင်းပါပဲ စည်စည်ကားကားနဲ့ပဲ ပြီးဆုံးသွားခဲ့ပါတယ်။ ပြောတဲ့အကြောင်းအရာတွေကလည်း အစုံအလင်ပဲဖြစ်ပါတယ်။ Computer နဲ့ပတ်သက်တဲ့ software ရော hardware နဲ့ social network တွေပိုင်းပါမကျန် ပြောတဲ့သူတွေရော၊ နားထောင်တဲ့သူတွေနဲ့ပါ စည်ကားခဲ့တဲ့ပြင် ရသပိုင်းရော၊ ဝန်ဆောင်မှုပိုင်း၊ ကျောင်းတွေအကြောင်းကိုပါ ဆွေးနွေးသူတွေလည်း ရှိခဲ့ပါတယ်။

Barcamp ဆိုတာက open type အနေနဲ့ workshop တွေ၊ event တွေ ကျင်းပရတာဖြစ်ပြီး အဲဒီလို activity တစ်ခုချင်းစီကိုလည်း ပါဝင်တက်ရောက်သူတွေက ဝင်ရောက် ဆွေးနွေးပြုလုပ်ရတာဖြစ်ပါတယ်။






ကမ္ဘာပေါ်မှာ ပထမဦးဆုံး ကျင်းပပြုလုပ်ခဲ့တဲ့ barcamp format မှာ web application တွေအကြောင်း၊ opensource technology တွေအကြောင်းနဲ့ social protocol တွေအပြင် open data format တွေအကြောင်းကို ဆွေးနွေးခဲ့ကြတာဖြစ်တယ်။ ပြီးတော့ public transit ၊ health care နဲ့ political organizing တို့လို တခြား topic တွေအများကြီးကိုလည်း ပြုလုပ်လို့ရပါသေးတယ်။

ကမ္ဘာ့ပထမဆုံး barcamp ကို ၂၀၀၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့ကနေ ၂၁ ရက်နေ့အထိ ကယ်လီဖိုးနီးယားပြည်နယ်၊ Palo Alto ၊ Socialtext office တွေမှာ ပြုလုပ်ခဲ့တာဖြစ်ပါတယ်။ အဲဒီကနေ စပြီးတော့ barcamp ကို မြောက်အမေရိက၊ တောင်အမေရိက၊ အာဖရိက၊ ဥရောပ၊ အရှေ့အလယ်ပိုင်းနဲ့ အာရှတို့မှာ ပြုလုပ်လာခဲ့ကြတာဖြစ်ပါတယ်။



# MSI welcome to 2012 sales promotion ကံစမ်းမဲဖွင့်ပွဲ







Royal Smart Co Ltd ကနေ MSI motherboard ၊ MSI graphic card နဲ့ MSI notebook တွေကို welcome to 2012 sales promotion အနေနဲ့ ၂၀၁၁ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်ကစပြီး ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီ ၃၁ ရက်အထိ ပြုလုပ်ပေးခဲ့ပါတယ်။ အဲဒီကာလမှာ ဝယ်ယူအားပေးခဲ့ကြတဲ့ customer တွေကို ကျေးဇူးတုံ့ပြန်တဲ့အနေနဲ့ ၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီ ၄ ရက်မှာ ကံစမ်းမဲဖွင့်ပွဲ ပြုလုပ်ခဲ့ပါတယ်။

MSI service center မှာ ပြုလုပ်ခဲ့တဲ့ပွဲမှာ ကံစမ်းမဲအစီအစဉ်အရ ကျပ်တစ်သိန်းဆု ၁၀ ဆု၊ memory stick 16GB နဲ့ တခြားဆုမဲပေါင်းများစွာကို မဲဖောက်ပေးခဲ့ပြီး ကံထူးသူတွေကို phone နဲ့ ဆက်သွယ်အကြောင်းကြားခဲ့တယ်လို့ သိရပါတယ်။ အသေးစိတ်သိချင်ရင်တော့ ဖုန်း ၂၂၇၇၈၁ နဲ့ ၂၁၈၀၄၁ တို့ကို ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါတယ်။

# အိတ်ဆောင်အဘိဓာန် DEFINED tab




Electronic dictionary တွေက အလွယ်တကူ သယ်ဆောင်သွားလို့ရအောင် ပေါ့ပါးပြီး ဈေးနှုန်းအနေနဲ့ ရွေးချယ်စရာတွေလည်းရှိတာကြောင့် လူသုံးများပါတယ်။ ဒါပေမဲ့ သူ့ထဲမှာပါတဲ့ အဓိပ္ပာယ်တွေက အပြည့်အစုံမဟုတ်တာကြောင့် လိုတာမရလည်း ဖြစ်ဖူးကြမှာပါ။ ဖေဖော်ဝါရီလ ၁ ရက်နေ့က Myanmar Info-Tech ထဲက Conference Hall မှာ မိတ်ဆက်ပေးခဲ့တဲ့ Technomation ရဲ့ DEFINED tab ထဲမှာတော့ ပညာရေးဝန်ကြီးဌာန၊ မြန်မာစာအဖွဲ့ဦးစီးဌာနရဲ့ အင်္ဂလိပ်-မြန်မာ၊ မြန်မာ-အင်္ဂလိပ်အဘိဓာန်ကို ထည့်သွင်းပေးထားတယ်လို့ သိရပါတယ်။ ဒါကြောင့် ကိုယ်ရှာဖွေလိုတဲ့ စကားလုံးကို အဓိပ္ပာယ်အပြည့်အစုံနဲ့ သိရနိုင်တော့မှာဖြစ်ပါတယ်။ ပြီးတော့ သူ့မှာ Oxford Advanced Learners ၊ Merriam-Webster ၊ Longman Contemporary စတဲ့ dictionary တွေလည်း ပါဝင်ပါတယ်။

DEFINED tab မှာ microSD card slot ပါပြီး သီချင်းနားထောင်တာ၊ video ကြည့်ရှုတာတို့ အပြင် သူ့မှာ ထည့်သွင်းပေးထားပြီးသား game တွေကိုလည်း ဆော့နိုင်တယ်လို့သိရပါတယ်။ Game တွေကိုတော့ ကိုယ့်ဘာသာ ထပ်မံ ထည့်သွင်းလို့ မရနိုင်ဘူးလို့လည်း သိရပါတယ်။ DEFINED tab ဟာ ၃.၈ လက်မ × ၂.၃ လက်မအရွယ်အစားရှိပြီး touch မျက်နှာပြင်နဲ့ဖြစ်ကာ built-in GPS နဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော် မြေပုံတွေကို ကြည့်နိုင်မယ်လို့လည်း သိရပါတယ်။ သူ့ရဲ့ stand-by time က ၃ ရက်ဖြစ်ပြီး video တွေကိုကြည့်မယ်ဆိုရင်တော့ ၂ နာရီခွဲလောက်ခံတယ်လို့ သိရပါတယ်။ DEFINED tab ကို စိန်ဂေဟာနဲ့ computer ဆိုင်တွေ၊ electronic ပစ္စည်း အရောင်းဆိုင်တွေမှာ ၇၅,၀၀၀ ကျပ်နဲ့ ရနိုင်ကာ 1 year replacement warranty ပေးထားတယ်လို့လည်းသိရပြီး အသေးစိတ် သိချင်ရင်တော့ ဖုန်း ၀၉ ၇၃၁ ၆၁၀၈၂ နဲ့ ၀၉ ၅၀၅ ၄၀၁၃ တို့အပြင် contact@technomation.asia တို့ကို ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါတယ်။

# www.eshopping.com.mm ရဲ့ မတ်လ promotion အစီအစဉ်




မတ်လ ၁ ရက်ကနေ ၃၁ ရက်အထိဖြစ်တဲ့ promotion ကာလအတွင်းမှာ www.eshopping.com.mm ကနေ ၁၀,၀၀၀ ကျပ်ဖိုးဝယ်ယူရင် *Lifestyle* ၊ ဒါမှမဟုတ် *CEO* စာအုပ်တစ်အုပ်ကို လက်ဆောင်အဖြစ်ပေးမှာဖြစ်ပြီး ၂၀,၀၀၀ ကျပ်ဖိုးဝယ်ယူရင်တော့ *Lifestyle* ရော၊ *CEO* စာအုပ်ပါ လက်ဆောင်ပေးသွားမှာ ဖြစ်ပါတယ်။ အသေးစိတ်သိချင်ရင်တော့ ဖုန်း- ၅၀၇၃၉၁၊ ၅၀၇၃၉၂နဲ့ ၅၀၇၃၉၃ တို့ကို ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါတယ်။

# အိမ်ခြံမြေနဲ့ ကားအရောင်းအဝယ်အတွက် ပြည်တွင်း website




ပြည်တွင်းမှာ အိမ်ခြံမြေနဲ့ ကားအရောင်း အဝယ်တို့အတွက် website ရှိနေပြီလို့ သိရပါတယ်။ အဲဒါကတော့ *www.omphwa.com* ဖြစ်ပါတယ်။ မိမိတို့ရောင်းချင်တဲ့ကားတွေ ရောင်းဝယ်တာ၊ ရောင်းချင်တဲ့ကားတွေအတွက် internet ပေါ်မှာ ကိုယ်ပိုင် website အနေနဲ့ အရောင်းပြခန်းဖွင့်တာတွေကို ဆောင်ရွက်နိုင်မှာဖြစ်တယ်လို့ သိရပါတယ်။ ရောင်းမယ့်သူတွေအနေနဲ့ ရောင်းချမယ့်ပစ္စည်းပေါ်မူတည်ကာ website ကို သတ်မှတ်အခကြေးငွေပေးချရမှာဖြစ်တယ်လို့လည်း သိရပါတယ်။